# အစီရင်ခံစာအနှစ်ချုပ်

ဤအစီရင်ခံစာသည် စစ်တပ်မှ မတရားအာဏာလုယူခဲ့သည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့မှ စတင်၍ ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများ၏ ဘဝအတွေ့အကြုံများကို အသေးစိတ် ဖော်ပြထားပါသည်။ ထိန်းသိမ်းခံရသည်မှ အကျဉ်းကျခံရသည်အထိ ၎င်းတို့ ကြံ့ကြံ့ခံ ရင်ဆိုင်ခဲ့ရသည်များကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ မင်းမဲ့တိုင်းပြည်အဖြစ် စုစည်းဖော်ပြထားသည်။ ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် နိုးကြားတက်ကြွမှု၊ လက်ခံယုံကြည်မှု သို့မဟုတ် ထောက်ပံ့ပါဝင်မှုတို့ကြောင့် ထောင်ဒဏ်ကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားများသည် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးတို့အတွက် ရုန်းကန်၊ ကြိုးပမ်း၊ အားထုတ်မှုကို ကိုယ်စားပြုနေပါသည်။

ယခုအချိန်ထိ ၂နှစ်ခွဲကာလအတွင်း မြန်မာစစ်တပ်က ပြည်သူများအပေါ်ကျူးလွန်ခဲ့သည့် ကြမ်းကြုတ်ရက်စက်ယုတ်မာမှုများကို နိုင်ငံအဝှမ်း စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများအဖြစ် သက်သေအထောက်အထားများဖြင့် သေချာစွာ မှတ်တမ်းပြုစုထားပြီးဖြစ်သည်။ ဇူလိုင်လ ၇ရက် ၂၀၂၃ခုနှစ်အထိ စုဆောင်းမှတ်တမ်းတင်ထားချက်အရ စစ်တပ်က အရပ်သား ၃၇၅၇ဦးကို သတ်ဖြတ်ခဲ့ပြီး၊ ၂၃၇၅၉ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကာ၊ ၁၉၃၈၉ဦးမှာ နိုင်ငံအတွင်း အကျဉ်းထောင်များတွင် ဆက်လက် အကျဉ်းကျခံနေရဆဲဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများ- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရားက စစ်တပ်၏ ကြမ်းကြုတ်၊ ရက်စက်၊ ယုတ်မာမှု လုပ်ရပ်များအတွက် လုံလောက်ပြည့်စုံသော သက်သေအထောက်အထားများကို စုဆောင်းထားပြီးဖြစ်သည်။ သို့သော်ငြားလည်း တရားစွဲဆိုနိုင်မှုမရှိသေးခြင်းသည် ကျူးလွန်သူများအတွက် ၎င်းတို့ကျူးလွန်ခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေစေပြီး၊ ကျူးလွန်ခံရသူများအတွက် ကာကွယ်ပေးနိုင်မှုဟာကွက် ဆက်လက်တည်ရှိနေစေပါသည်။

ဤအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် လူမဆန်သည့် ဥပဒေကင်းမဲ့သော စစ်ကြောရေးစခန်းများ၏ နံရံများ၊ မျှတမှုမရှိသော တရားရုံးများ၊ ရုန့်ရင်းကြမ်းတမ်းသော အကျဉ်းထောင်များ အပါအဝင် စစ်တပ်၏ မင်းမဲ့တိုင်းပြည်ဆန်သည့်လုပ်ရပ်များ ၎င်းတို့ကြုံတွေ့ခံစားရသည့် အသေးစိတ်အထောက်အထားများကို မီးမောင်းထိုးပြထားသည်။ နိုင်ငံရေးအကျဉ်းသားများ၏ အတွေ့အကြုံများကို လေ့လာ၊ မှတ်တမ်းတင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းအနေဖြင့် ပြန်လည်လွတ်မြောက်လာသော နိုင်ငံရေးအကျဉ်းသားများနှင့် ကျယ်ပြန့်ပြည့်စုံသော အင်တာဗျူးများ ပြုလုပ်ခဲ့ပြီး၊ ၎င်းတို့ ဖမ်းဆီးခံရသည့်အချိန်၊ အကျဉ်းထောင်သို့ ပို့ဆောင်ခံရသည့်လမ်းကြောင်းနှင့် အကျဉ်းထောင်အတွင်း အတွေ့အကြုံများ၊ အဆုံးသတ်လွတ်မြောက်လာပြီးနောက်ပိုင်း အခြေအနေများကို မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့

သည်။ မိသားစုဝင်များ မည်သို့ထိခိုက်မှုရှိသည်ကို နားလည်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများ၏ ဆွေမျိုးများနှင့် အခြားစိတ်ချယုံကြည်ရသူများကိုလည်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းအကအင်တာဗျူးများ ပြုလုပ်ခဲ့ပါသည်။ အင်တာဗျူးတွင်ပါဝင်သည့် နိုင်ငံရေးအကျဉ်းသားများ၏ ပူးပေါင်းပါဝင်မှုနှင့် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများကို လိုလိုလားလားမျှဝေပေးမှုတို့က ထိန်းသိမ်းရေးစခန်းများတွင် စစ်တပ်၏ ဆိုးရွားရက်စက်မှုများကို အတွင်းကျကျ သိရှိစေပါသည်။ ဤအစီရင်ခံစာတွင်ပါဝင်သော ဖြစ်စဉ်၊ ကောက်ယူချက်များသည် မအောင်မြင်သော အာဏာလုယူမှုနောက်ပိုင်း နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် စစ်တပ်၏ အကျဉ်းထောင်များနှင့် ထိန်းသိမ်းရေးစခန်းများတွင် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသော နိုင်ငံရေးအကျဉ်းသား (၂၃၇၅၉)ဦး၏ အစိတ်အပိုင်းတစ်ခုကိုသာ ကိုယ်စားပြုမည်ဖြစ်သော်လည်း နိုင်ငံရေးအကျဉ်းသားများ၏ ရှားပါးသော ကိုယ်တွေ့ဖြစ်ရပ်များကို ပြင်ပကမ္ဘာသို့ ချပြအသိပေးနေပါသည်။

“မင်းမဲ့တိုင်းပြည်”ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ အမည်ပေးထားသည့် ဤအစီရင်ခံစာသည် ဖမ်းဆီးထိန်းသိမ်းခံရသည်မှ၊ စစ်ကြောရေး၊ တရားရင်ဆိုင်စဉ်နှင့် အကျဉ်းထောင်၊ ထိုမှသည် နောက်ဆက်တွဲ ထိခိုက်ခံစားရမှုများဟူ၍ ဖွဲ့စည်းတည်ဆောက်ထားပါသည်။

**ဖမ်းဆီးထိန်းသိမ်းခြင်း။** ။ မင်းမဲ့တိုင်းပြည်ပမာ မတရားမှုသည် ဖမ်းဆီးထိန်းသိမ်းခြင်းဖြင့် စတင်သည်။ ဤကဏ္ဍတွင် ဝရမ်းမပါရှိပဲ ဥပဒေမဲ့ မတရားဖမ်းဆီးခြင်းနှင့် သတင်းအစအနပျောက် အဆက်အသွယ်လုံးဝမရရှိပဲ ထိန်းသိမ်းထားသည့် ကနဦးနာရီများ၊ ရက်များအတွင်း အဖြစ်အပျက်များကို ရှင်းလင်းတင်ပြထားသည်။

**စစ်ကြောရေး။** ။ ဖမ်းဆီးခံရသူအားလုံး စစ်ကြောရေးကို ဖြတ်သန်းကြရပြီး၊ ကွဲပြားခြားနားသော ညှဉ်းပန်းနှိပ်စက်မှု ပုံစံအမျိုးမျိုးတို့ကို တွေ့ကြုံခံစားခဲ့ကြရကာ၊ အများစုက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ညှဉ်းပန်းနှိပ်စက်မှု ပြင်းထန်မှုအတိုင်းအတာမှာ ဖမ်းဆီးထိန်းသိမ်းခံရသူ၏ ပုဂ္ဂိုလ်ရေး အချက်အလက်၊ စစ်ကြောရေး ပြုလုပ်သူများနှင့် စစ်ကြောရေးစခန်းနေရာတို့အပေါ် မူတည်ပါသည်။ ရဲစခန်းများ၊ စစ်တပ်စစ်ကြောရေးစခန်းများ၊ စစ်တပ်တပ်ရင်းစခန်းများ၊ အကျဉ်းထောင်များ၊ စာသင်ကျောင်းများနှင့် အားကစားရုံများကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သောနေရာများကို အသုံးချထားသော ယာယီစစ်ကြောရေးစခန်းများ စသည်တို့တွင် စစ်ကြောရေးပြုလုပ်နေပြီး၊ စစ်တပ်၏ ညစ်ပတ်ရှုပ်ထွေး၍ လူမဆန်သော စစ်ကြောရေးနည်းနာများကို ထုတ်ဖော်ပြနေပါသည်။

**တရားရင်ဆိုင်ခြင်း။** ။ ဤကဏ္ဍတွင် နိုင်ငံတစ်ဝှမ်းလုံးရှိ စစ်အာဏာလုယူမှုကို ဆန့်ကျင်ဆန္ဒပြကြသူများနှင့် ခုခံရေးစစ်ဆင်နွှဲနေကြသူများအား ဖိနှိပ်ရန်အတွက် တိုင်းပြည်၏တရားရေးစနစ်ကို စစ်တပ်က လက်နက်သဖွယ် အသုံးချနေခြင်းအကြောင်း ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားများသည် ၎င်းတို့အား မည်သည့်ပုဒ်မများနှင့် တရားစွဲဆိုထားကြောင်းကို အကျဉ်းထောင်အတွင်း ယာယီပြုလုပ်ထားသော တရားရုံးများ၌ အမှုစတင်ရင်ဆိုင်ရသည့် ပထမဆုံး ရုံးချိန်းတွင်သာ သိကြရသည်။ ဤအစီရင်ခံစာ၏ အရေးကြီးသော အချက်တစ်ခုမှာ အကျဉ်းထောင်၌ တရားရင်ဆိုင်နေရစဉ်အတွင်း အဖြစ်အပျက်များကို ဖော်ပြထားသည်။

**အကျဉ်းထောင်။** ။ မြန်မာနိုင်ငံ၌ စစ်တပ်မှ အစဉ်အဆက် ဗိုလ်ကျစိုးမိုးရာတွင် နိုင်ငံရေးအကျဉ်းသားများကို လူမဆန်သော နည်းလမ်းများစွာဖြင့် ဖိနှိပ်ရန် နိုင်ငံ၏အကျဉ်းထောင်စနစ်အား စစ်တပ်က အသုံးချနေခဲ့သည်။ ထိုနည်းလမ်းများတွင် အစားအစာ၊ ရေနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရရှိခြင်း၊ အကျဉ်းသားများအပေါ် စည်းကမ်းတင်းကျပ်ရန်အတွက် ရာဇဝတ်အကျဉ်းသားများအား တန်းစီး (စည်းကမ်းထိန်း) အဖြစ် ခန့်အပ်ခြင်းတို့ ပါဝင်သည်။ ဤကဏ္ဍတွင် နိုင်ငံရေးအကျဉ်းသားများ အကျဉ်းထောင်အတွင်း မည်သို့ ဆက်ဆံခံရသည်ကို တင်ပြထားပြီး၊ အကျဉ်းထောင်အတွင်း ဆန္ဒပြပွဲများ၊ အတင်းအကျပ် အလုပ်ခိုင်းစေခြင်း၊ ဝေးလံသောဒေသများရှိ အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်း၊ အစားအစာ မလုံလောက်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအခြေအနေ စသည်တို့နှင့် ခြိမ်းခြောက်ငွေညှစ်မှုများအကြောင်းတို့ကို အသေးစိတ် ဖော်ပြထားပါသည်။

**ထိခိုက်ခံစားရမှုများ။** ။ အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် နိုင်ငံရေးအကျဉ်းသားများသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး စိန်ခေါ်ချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ဤကဏ္ဍတွင် ပြန်လည် လွတ်မြောက်လာပြီးနောက် ရင်ဆိုင်ရသည့် နိုင်ငံရေးအကျဉ်းသားများ၏ အခက်အခဲများ၊ ၎င်းတို့၏ လူမှုအသိုက်အဝန်းသို့ ပြန်လည်ဝင်ရောက်ရန် ကြိုးပမ်းချက်များကို ဆွေးနွေးတင်ပြထားသည်။ သက်သေခံ ထွက်ဆိုချက်များက အိမ်နီးချင်းများနှင့် မိတ်ဆွေသူငယ်ချင်းများမှာ စစ်တပ်၏ ခြိမ်းခြောက်မှုကြောင့် ၎င်းတို့နှင့် ပတ်သတ်ဆက်ဆံလိုခြင်းမရှိပဲ နိုင်ငံရေးအကျဉ်းသားများ မည်သို့မည်ပုံ ခွဲခြားဆက်ဆံခံကြရသည်ကို ဖော်ပြထားသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ မည်သည့်နေရာတွင် ရောက်ရှိနေသည်နှင့် လုပ်ဆောင်ချက်များကို ဒေသအာဏာပိုင်များက စဉ်ဆက်မပြတ်စောင့်ကြည့်နေသောကြောင့် ပြန်လည် ဖမ်းဆီးခံရမည်ကိုလည်း ၎င်းတို့ အနေဖြင့် ကြောက်ရွံ့နေကြရပါသည်။ အကျိုးဆက်အားဖြင့် အများစုမှာ နိုင်ငံပြင်ပသို့ ထွက်ပြေးရန် ဖိအားပေး ခံရပြီး၊ ရွှေ့ပြောင်းနေထိုင်ခြင်း နောက်ဆက်တွဲ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရသည်။

**ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာများ။** ။ ဤအစီရင်ခံစာသည် စုဆောင်းရရှိထားသည့် ဖမ်းဆီးခံရသည်မှ ပြန်လည်လွတ်မြောက်လာသည်အထိ အတွေ့အကြုံများကို အင်တာဗျူးဖြေကြားသူများနှင့် သိသာထင်ရှားသည့် သတင်းအရင်းအမြစ်များဖြင့် စနစ်တကျ ခွဲခြားရွေးထုတ်ထားပြီး၊ နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းရာတွင် ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာ (၃)ရပ်အဖြစ် ဆွေးနွေးတင်ပြထားသည်။ ဆက်စပ်ဖြေရှင်းရမည့် အရေးတကြီးပြဿနာ (၃)ရပ်တို့မှာ-

က။ ။ မိသားစုဝင်များအပေါ် ဆက်စပ်ထိခိုက်မှုများ၊

ခ။ ။ မင်းမဲ့တိုင်းပြည်ဆန်ဆန် ချိုးဖောက်မှုများနှင့် စနစ်တကျ မတရားကျင့်ကြံမှုများအတွက် စစ်တပ်၊ ရဲ၊ တရားသူကြီးများနှင့် အကျဉ်းထောင်ဝန်ထမ်းများအကြား လုပ်ငန်းတာဝန်ခွဲဝေမှု၊

ဂ။ ။ အကျင့်ပျက်ခြစားမှု။ ။ အထူးသဖြင့် ဖမ်းဆီးခံရစဉ်နှင့် ထိန်းသိမ်းခံနေရစဉ်အတွင်း ချိုးဖောက်ခံရသူ နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့၏ မိသားစုဝင်များထံမှ မတရားသဖြင့် ငွေညှစ်ခြင်းအပြင် မိသားစုဝင်များအပေါ် နောက်ဆက်တွဲ ရိုက်ခတ်ထိခိုက်မှုများ။